# လရောင်ကျူးရင့်

မြန်မာပြည်ညိုတွင် ချစ်သည်



# အခန်း(၁)

"ကျတယ်ဒေါက်တာရေ ... အုန်းခနဲပဲ ... "

ကော်ဖီသောက်နေတုန်း မေမေ ရေရွတ်ပြလိုက်သည့် အုန်းခနဲအသံက လည်ချောင်းထဲ ရောက်နေသည့် ပေါင်မုန့်မီးကင်တွေတောင် ပြန်ခုန်ထွက် လာနိုင်၏။ ကော်ဖီနဲ့ မျှောချတာတောင် ပါမသွားနိုင်တဲ့ အထိ ဘယ်လိုတောင် ကျယ်လောင်လိုက်သည့် အုန်းခနဲလဲ ... ။

"မေမေဆိုတာလေ ကိုယ့်ဘာသာ စာမေးပွဲကျတာကို မခံစားရဘူး ... သူ့ဆီက ဘယ်တစ်ယောက် ယောက်ကို ပြောရင်း အုန်းခနဲ ထမြည်မလဲပဲ ကြောက်နေရတယ် ... "

နောက်ထပ် ပေါင်မုန့်တစ်ချပ်ကို ကောက်ကိုင်ရင်း ထမင်းစားခန်းရှေ့က ဖြတ်သည့် ဒေါက်တာသဲစုဝင်း ကိုလည်း သွားဖြဲပြရင်း မြည်တွန်တောက်တီးရင်း ... ။

"အဲဒီဒေါက်တာကလည်း အောင်စာရင်း ထွက်တဲ့ နေကျမှ ပဲ လာရတယ်လို့ ... "

ပြောရင်း ပေါင်မုန့်ကို ခါးလယ်ထိဝင်အောင် သွင်း၍ ကိုက်ပစ်လိုက်သည် ။ ပြီးတော့ တစ်ချက်နှစ်ချက်ပဲ ဝါးပြီး ပါးစောင်တစ်ဖက်ကို ပို့၍ ကော်ဖီကို ငုံလိုက်တာ ပါးစပ်တစ်လုံး။ ထိုအခါ ပါးနှစ်ဖက်စလုံး ဖောင်းခြင်းသို့ ရောက်ကာ ... ။

"ဂူး ... ဟွမ်း၊ အဲဒါပဲ ... ဟွမ်း ..."

"ကဲ ... ပါးစပ်ထဲကဟာတွေ မျိုချပြီးမှ ပြောစမ်းပါ၊ ခြေမြှောက်လက်မြှောက်တွေ လုပ်ပြောနေရအောင် ကျုပ်တို့ က ဆွံ့အနားမကြားတွေလား ... "

" ဟွမ်း ... "

ဒါတောင် မျိုချနေတုန်း စကားပြောဖို့ ကြိုးစားသေးသည် ။ ပြီးမှ လည်ချောင်း ရှည်ထွက် လာအောင် စင်း၍ မျိုချလိုက်ပြီး ... ၊

"စကားအရှိန်ဆိုတာ ပြောလို့ ရတုန်းပဲ ပြောလို့ ကောင်းတာ ... အပြင်မှာ မေမေ ပရယ်ဇန်တာ လုပ်နေတာလေ ... "

"ဘာဖြစ်လဲအဲဒါ ... နင်စာမေးပွဲကျတာ ပွတ်ကာသီကာ ကျတာမှ မဟုတ်တာ ... "

"အောင်မယ် ... ပွတ်ကာသီကာ ကျသလား ပစ်စလက်ခတ် ကွာဝေးပြီး ကျသလား ဘယ်တုန်းက ကြိုသိလိုက်တာလဲ ... "

ကလေးငိုကလည်း ကော်ဖီ ကမန်းကတန်း မျိုချပြီး လည်ချောင်းနာသွားသည့် မျက်နှာရှုံ့တွတွနှင့် ... ၊

"အမှတ်စာရင်းကို စောင့်ကြည့်စရာမလိုဘူး ... နှစ်စဉ်နှစ်တိုင်း အုန်းခနဲ ကျနေတာ နင်ချည်းပဲ ... "

" လာပြန်ပြီ အုန်းခနဲ ... "

" မှတ်မိနေတာ ... "

" သေပါလား ... "

" ကဲ ... ကဲ ခွေးနှစ်ကောင် ကျနေတာပဲနော် ... "

" ဟုတ်ပ ... အဲ့ကောင်မလေး ကလေးငိုဆိုရင် သိပ်နိုင်တယ် ... "

တိုင်းရင်းသားပီပီ ကလေးငို ဆိုသည့် နာမည်ဆန်းလေးနှင့် ကောင်လေးသည် သူမလေး၏ သူငယ်ချင်းလည်း ဖြစ် မောင်ဝမ်းကွဲလည်း ဖြစ်သောကြောင့် ... ၊

"နိုင်တော့ဘာဖြစ်လဲ ... သူက ရဲရဲထက်အငယ်ပဲ ... "

ပြောရင်း နောက်စေ့ကို ရိုက်ပစ်လိုက်တာ ဖြန်းခနဲ။ တော်သေးသည် ။ ကော်ဖီနဲ့ ပါးစပ်နဲ့ မထိသေးခင်မို့ ... ၊

" ရဲရဲနော် ... နင် ... "

" ဟဲ့ ... တော်ကြတော့လို့ ဖေဖေပြောနေတယ်လေ ... "

ကော်ဖီဝိုင်းမှာ ဦးရဲလူနှင့် သမီးအကြီး နီနီဇင်မြင့်ရယ် ... ရဲရဲရယ်ပြီးတော့ ကလေးငိုရယ် ရှိနေကြကာ ဒေါ်မြတ်ပန်းနီက ဆရာဝန် လူနာလာကြည့်သဖြင့် ကော်ဖီဝိုင်းလည်း မထိုင်ရသေးသူမို့ ဆရာဝန်ကို လိုက်ပို့ရင်း ...

"ဟုတ်ပါတယ်ဒေါက်တာရယ် ... အန်တီတို့ လည်း ဘယ်လိုနည်းလမ်း ရှာရမှန်းကို မသိတော့ပါဘူး၊ ပထမတစ်ခါ ကျတယ်လေ ... ပြီးတော့ မဖြေဘဲ နေခဲ့တဲ့ နှစ်တွေနဲ့ ပြန်ဖြေမယ်လို့ စိတ်ကူးလေး ပေါ်လာပြီဟဲ့ ဆိုပြီး ဝမ်းသာအားရ ဖြေခိုင်းလိုက်ပါတယ် ဘယ်မှာ အောင်လို့ လဲ ... "

" ပြန်ဖြေတာ နှစ်နှစ်ရှိပြီနော် ... "

"သုံးနှစ်ရှိပါပြီ ဒေါက်တာရယ် ... မဖြေခဲ့တဲ့ နှစ်တွေနဲ့ ဆယ်တန်းမှ ဘယ်လောက်တောင် အောင်းနေပြီလဲ ဆိုတာ အသက်ပဲ နှစ်ဆယ့်လေးထဲ ရောက်နေပြီလေ ... "

"ဟယ် ... ဟုတ်လား၊ ရဲရဲက နုတယ်နော် ... မျက်နှာလေး ချိုလို့ လား မသိဘူး၊ ကြည့်လိုက်ရင် ဆယ့်ခွန် ဆယ့်ရှစ်လောက်ပဲ ထင်ရတယ် ... "

"ဟုတ်မှာ ပေါ့ ... ဘာမှ မှ ပူပင်သောက မရှိတာ၊ မွေးတည်းက စုပုံဝိုင်းချစ်တာ ခံပြီး မွေးလာတာလေ ... ရှေ့ရေးနောက်ရေး ဆိုတာလည်း တစ်ခါဆို တစ်ခါမှ ပါးစပ်ထဲ ထည့်ပြောတာ မရှိဖူးပါဘူး ... "

သမီးအကြောင်း ဘယ်လိုပြည့်ပြည့်စုံစုံ နေလာခဲ့တာကို ပြောချင်တာလား ... တကယ်ပဲ ရှေ့ရေး နောက်ရေးကို တွေးပူနေတဲ့ ကရုဏာဒေါသတွေလား မသိ။ ဒေါ်မြတ်ပန်းနီ မျက်နှာ မသာမယာနှင့် ညည်းတွားနေတာကို ဒေါက်တာသဲစုဝင်းက ကြည့်နေရင်း ပြုံးကာ ... ၊

"ကျောင်းစာဆိုတာ ကိုယ်တိုင်လည်း လိုချင်မှ ... ပြီးတော့ နေ့စဉ်ထိတွေ့နေမှ အန်တီရဲ့ ၊ အထူးသဖြင့် ကာယကံရှင်ပဲ ... "

"သူလည်း ဖြေချင်ပါတယ် ... တက္ကသိုလ် ကျောင်းသူတော့ ဖြစ်ချင်ပါ သေးတယ်ဆိုလို့ လေ၊ နောက်ပြီး ... "

ဒေါ်မြတ်ပန်းနီက တစ်ခုခုကို ပြောဖို့ တွန့်ဆုတ်သွားသလို ခြေလှမ်းတွေ နှေးသွားသည် ။ ဒေါက်တာသဲစုဝင်း ကလည်း သူမပြောလာမှာ ကိုစောင့်ရင်း နှေးကျသွားသည် ။ နှစ်ယောက်သား ကားနားထိ ရောက်လာကာမှ ... ၊

"သူအောင်ချင်တယ် ဆိုတာလည်း ဖွဲ့နိုင်ကို ပြိုင်ဆိုင်ပြီး အောင်ချင်တာ ဖြစ်နိုင်တယ် ... "

တစ်ယောက်တည်း ထင်ကြေးပေးသလို ပြောနေရင်း သဲစုဝင်းကို ကြည့်ကာ ... ၊

"ဒေါက်တာလည်း မိသားစုလို ဖြစ်နေပြီဆိုတော့ အတွင်းရေးလေး

နည်းနည်း ပြောပြချင်တယ် ... "

" ဟုတ်ကဲ့ပါ ... ပြောပါ ... "

သဲစုဝင်းက ဒေါ်မြတ်ပန်းနီရဲ့ အမေ အသက်ရှစ်ဆယ်ကျော် အဘွားအိုကို တစ်ပတ်တစ်ခါ ကျန်းမာရေး လာစစ်ပေးနေသည့် Family docto r ဖြစ်ကာ အိမ်နီးချင်းလည်း ဖြစ်သည် ။ မိသားစုဝင် ချင်းလည်း ရင်းနှီးကြသည် မို့ ...၊

" ရဲရဲကို ဒီနှစ်ကုန် နိုဝင်ဘာ ဒီဇင်ဘာလောက် လာစေ့စပ်တော့မှာ ... "

သဲစုဝင်းက အိတ်လေး ဆွဲထားလျက် ခေါင်းညိတ်သည် ။

"ကောင်လေးက အစကတော့ သူ့သူငယ်ချင်းပေါ့နော် ... နောက်တော့ နိုင်ငံခြားမှာ ပဲ ကျောင်းပြီးသွားတာ၊ ကျောင်းအတူတက်ခဲ့တဲ့ သူငယ်ချင်းလည်း ဖြစ် ရဲရဲကိုလည်း မေတ္တာရှိနေတာ ဆိုတော့ ပညာအရည်အချင်း ဘာညာ သူ့အတွက် ပြဿနာ မရှိဘူးပေါ့ ... ဒါပေမဲ့ ... "

ဒေါ်မြတ်ပန်းနီ စကားမဆက်ပေမဲ့ သဘောပေါက်သွားသည့် မျက်နှာနှင့် သဲစုဝင်းက ခေါင်းညိတ်သည် ။

" အဲဒါလေ အန်တီကတော့ ဆယ်တန်းတောင် မအောင်နိုင်ဘဲ လက်ထပ် မပေးချင်ဘူး ... "

" ရဲရဲက လက်ထပ်ဖို့ လက်ခံလိုက်တာလား ... "

"ဟုတ်တယ် ... ဒါပေမဲ့ အန်တီသိတယ်၊ ရဲရဲက ဘာကိုမှ လေးနက်တာ မဟုတ်ဘူး ... အိမ်ထောင်ရေး ဆိုတာ ပေါ့ပျက်မှုတွေနဲ့ တည်ဆောက်လို့ မရသလို ပေါ့ပေါ့ပါးပါး ရှေ့ဆက်လို့ ရတဲ့ ခရီးရှည်မှ မဟုတ်တာ၊ သမီးလေး ကူကယ်ရာမဲ့ပြီ ဆိုမှ ကိုယ်ဘာမှ မတတ်နိုင်တော့မှာ အရမ်း

စိုးရိမ်တယ် ... "

" အဲဒီတော့ အန်တီက ဘယ်လိုဖြစ်စေချင်လို့ လဲ ... "

"ဒေါက်တာညီမ ဆေးကျောင်းသူ ဟောက်ဆင်းနေတဲ့ သူလေး ရှိတယ်မို့လား ... သဲလတ်ချိုလေ၊ သူ့ကို သမီးရဲ့ ဂိုက်ဒ် လုပ်ပေးဖို့ အကူအညီတောင်းချင်တာ ... "

သဲစုဝင်းက မျက်မှောင် ကုတ်သွားသည် ။

"ဒီလိုပါဒေါက်တာရယ် ... ဒို့ပြင်က ဂိုက်ဒ်ခေါ်ရင် တခြား မလိုလားအပ်တဲ့ ကိစ္စတွေ ရှိလာမှာ စိုးလို့ ပါ၊ သမီးကို ဒီအရွယ်ကြီးကျမှ ဂိုက်ဒ်နဲ့ ပြန်သင်နေရတာလည်း ကောင်လေး မိဘတွေဘက်က မသိစေချင်ဘူး ... ကောင်လေးက အင်္ဂလန်မှာ ပေမဲ့ သူ့မိဘတွေဘက်က ဒီက ကပ်လျက်လမ်းမှာ နေကြတာ ... "

ဒေါ်မြတ်ပန်းနီဆန္ဒက ဒေါက်တာသဲစုဝင်းတို့ အိမ်ကနေ သဲလတ်ချိုကူးလာလျှင် တစ်အိမ်ကျော်ပဲ ဖြစ်သလို ကျောင်းကအပြန် ဝင်သင်ပေးမယ် ဆိုရင်လည်း ဘေးလူရိပ်မိဖို့ သိပ်မရှိပေ။ ဘာကြောင့် ဒီလောက်ထိ စိုးရိမ်နေရသလဲ ဆိုလျှင် ဖွဲ့နိုင်တို့ အဒေါ်အရင်းက ဒီလမ်းထိပ်မှာ နေတာဖြစ်ကာ ရဲရဲနဲ့ ဖွဲ့နိုင်ကိစ္စကို မလိုလားသည့် စကားသံတွေ သူမတို့ ဆီက အထွက်ဆုံး ဖြစ်နေခြင်းကြောင့် ...

"ဒီလောက် အများကြီး ပြောနေပုံထောက်ရင် ရဲဆယ်တန်း မအောင်ဘဲ ယောကျ်ား ယူတော့မယ့် အဖြစ်ကို မေမေပြောပြီးပြီ ... "

စကားသံနှင့် အတူ ထမင်းစားခန်းထဲက ရဲရဲထွက်လာတော့ ကလေးငိုပါ ပါလာ၏။ ဒေါ်မြတ်ပန်းနီ မျက်နှာက သမီးကိုမြင်လိုက်မှ တင်းသွားသည် ။ ပြီးတော့ ရှုံ့မဲ့မဲ့ မျက်နှာလွှဲ၏။ ဆိုဖာမှာ သွားထိုင်

လိုက်ပြီးမှ ပြန်မော့ကြည့်ကာ ...

" ဟဲ့ ... ဒီမှာ လာထိုင်လေ ... "

အထဲပြန်လှည့်ဝင်သည့် ခြေလှမ်းက မေမေ့ခေါ်သံကြောင့် တုံ့ခနဲ ဖြစ်သွားသည် ။ ကိုယ်က မပါဘဲ မျက်နှာချည်းပဲ လည်ပင်းလိမ်အောင် လှည့်ကြည့် ပြီး ... ၊

"သိဘူးလေ ... မျက်နှာကြီး ရှုံ့မဲ့နေတော့ မေမေရဲ့ ဖဲ့စ်လန်းငွေ့ချ် အရ မြန်မြန် သွားကြစမ်းပါလို့ အဓိပ္ပာယ်ရနေတော့ ... "

" ရဲရဲ ... "

" ရှန့် ... "

" အဲဒီရှန့်ကိုထားပြီး လူအရင်လာခဲ့ ... "

" ဟုတ် ... "

ဟုတ်ကိုထားပြီး မျက်နှာက ကလေးငိုဘက် ရောက်သွားသည့် ရဲရဲသည် ...

" ကလေးငို ... နင်မတိုက်နဲ့ ဦးနော်၊ အသုံးလည်း မကျဘဲနဲ့ ငါမပါရင်နင် ရှုံးမှာ ပဲ ... "

" အံမာ ... မတိုက်နဲ့ ဆိုလည်း မတိုက်နဲ့ ရိုးရိုးမပြောဘူး၊ တိုက်ကို တိုက်ဦးမှာ ... "

" ဟဲ့ ... နေဦး ... "

" ဟာ ... ဖယ်စမ်းပါ၊ ငါ့ ... ငါ့အကျီနော်၊ ပြဲပြီ ... ဟာ မေလေး ... "

" ကြည့်စမ်း ... မအေကခေါ်နေတယ်၊ သူတို့ က လုပ်ချင်ရာ လုပ်နေတယ် ... "

" မဟုတ်ဘူး ... လာပြီမေမေ့ ... "

ဒေါ်မြတ်ပန်းနီ လက်ပါတော့မှာ ကို ရဲရဲက သိသည် ။ ထို့ကြောင့် ဆိုဖာမှာ ဦးအောင် ပြေးထိုင်လိုက်ပြီး မျက်နှာက လည်ပင်းလိမ်လျက် နောက်မှာ ... ။

" ငါပြောနေတယ်နော် ကလေးငို ... နင်တိုက်ကြည့် ... "

" ဟား ဟား ဟား ... "

" နီရဲရဲနီ ... "

" ဒုန်း ... "

စားပွဲကို ထုပစ်လိုက်သဖြင့် သူမ တုန်ခနဲ ဖြစ်သွားကာမှ ... ။

" မေမေ့ ... အဟွန့် ... "

" နင့်ကိုငါ မပြောချင်တော့ဘူး သိလား ... "

" မေမေကလည်း ... "

လက်ဖဝါးချင်း ပွတ်၍ ခါးလိမ်နေပုံက'မပြောချင်မပြောနဲ့ ပေါ့' လို့ အသံတိတ် ပြောနေတာမှန်း သိလိုက်သည် ။ ကိုယ့်သမီး ဘယ်လို ခွန်းတုံ့ပြန်တတ်တာကို သိပြီးသား။ ကလေးငယ်လေးတွေ ဖျားနာပြီဆို စည်းကမ်း ပျက်သွားတတ်သည် တဲ့ ။ လူမမာလေးဆိုပြီး မိဘက လက်ကမချ။ ပူဆာသမျှ ဖြည့်ဆည်းပေး။ ဘာအပြစ်လုပ်လုပ် အပြုံးမပျက် ခေါင်းလေးပွတ် လက်ဖျား ခြေဖျားလေးတွေဆုပ်။ ဒါက ကိုယ်လည်း ဖြတ်သန်းခဲ့ရတဲ့ သဘာဝပါ။ ဆယ်တန်း စာမေးပွဲ ဖြေခါနီးမှ သွေးလွန်တုပ်ကွေးဖြစ်လို့ မဖြေခဲ့ရသည့် ဆယ့်ခြောက်နှစ်သမီး အရွယ်က ဘာကြောင့် စည်းကမ်းပျက်ပါသလဲ ...။ သူမကို ဂရုစိုက်ခဲ့သည် အလိုလိုက်ခဲ့

သည် ။ စာမေးပွဲလည်း ပြန်ဖြေပါ မတိုက်တွန်းခဲ့သလို မျက်နှာရိပ်လေး တ ကြည့်ကြည့်နဲ့ နေလာခဲ့ရသည် ။ သေရာပါ အရိုးစွဲမယ့် ရောဂါ မဟုတ်ပေမဲ့ အသက်ဘေး နီးသွားသည့် အဖြစ်က အရိပ်မည်းကြီးလို အမြဲတမ်း လွှမ်းမိုးနေခဲ့၏။ ဒါပေမဲ့ သင်းကကလေးမှ မဟုတ်ဘဲ ... ၊

စာမေးပွဲ ပြန်ဖြေချင်ပါသည် ပြောခဲ့တာ သူမဆန္ဒနဲ့ သူမ။ ထပ်ကျ ပေမဲ့ ထပ်ဖြေပါမည် ဆိုတာလည်း ဘယ်သူမှ တိုက်တွန်းခဲ့တာ မဟုတ် ။ ဒါပေမဲ့ သူမစာမေးပွဲ ဖြေချင်နေတာက အောင်ချင်တာမှ မဟုတ်ဘဲ ... ။ ဒါဆို တဗုန်းဗုန်း ကျနေတာကို ပျော်နေတာလား ... ။ ကိုယ်အရင်လို ပေါ့ပေါ့တန်တန်နေလို့ မဖြစ်တော့ဘူးဆိုတာ နည်းနည်းလောက်တော့ တွေးမိဖို့ သင့်နေပြီ မဟုတ်ဘူး လား ... ။ မျက်လုံးတွေက သမီးဖြစ်သူ ကိုယ်ပေါ်မှာ ခေါက်တုံ့ ပြေးနေပေမဲ့ စိတ်က သူမထံမှာ မရှိ။ ရှေ့ရေး နောက်ရေးတွေမှာ နီရဲရဲနီ ဆိုသော မိန်းကလေး အတွက်သည် ... ၊

"ညည်းကို နီရဲရဲနီလို့ ပေးထားတာ စာမေးပွဲ ဘယ်လောက်ကျကျ မ ကြောက်တတ်အောင် ပေးထားတယ်များ ထင်နေရောသလား ရဲရဲ ... ဟ င် ... "

" အဟွန်း ... "

" ဘာရယ်တာလဲ ... ဒါက ... "

" မေမေကလည်း ... "

" အဲဒီမေမေကလည်း တိတ်စမ်း ... "

စားပွဲကို ထပ်ထုလိုက်မှ ရဲရဲကိုယ်လေး တောင့်မတ် ငြိမ်သက်သွား သည် ။ ထိုစဉ် ဦးရဲလူနဲ့ သမီးကြီး နီနီဇင်မြင့်တို့ အပြင် ရောက်လာကြ ပြီး ... ၊

"သမီးငယ် ပြောပုံဆိုပုံကို ပြင်စမ်းနော် ... လူကြီးတွေ သမီးကြောင့် ဘယ်လောက် မျက်နှာပျက် အရှက်ရနေကြသလဲ မသိဘူးလား ... "

ဦးရဲလူအသံကြားမှ ရဲရဲမျက်လွှာချ၏။ ရိုက်နှက်ဆုံးမခဲ့တာ မဟုတ်ဘဲ နေရာတကာလည်း ဝင်ပြောဝင်ဆူ မရှိခဲ့သည့် တိုင် ဦးရဲလူကိုတော့ သူမတို့ ကြောက်ကြသည် ။ ကုန်လှောင်ပွဲရုံကြီးတွေနှင့် ကုန်သည် လောကမှာ နာမည်ကျော်နေသည့် ဦးရဲလူက ခန့်ညားသလောက် အနေတည်သည် ။ စကား နည်းသလောက် နုနုနွဲ့နွဲ့တွေလည်း သိပ်မပြောတတ် ... ၊

"ဖွဲ့နိုင်ကို စေ့စပ်ဖို့ သမီးလက်ခံခဲ့တယ် ... ဖွဲ့နိုင်က ဗိသုကာပညာရှင်၊ သမီးက ခုထက်ထိ ဆယ်တန်းမအောင်ဘူး ... "

" သမီးစာမတော်တာ ဖွဲ့သိပါတယ် ... "

ဦးရဲလူမျက်ခုံးတွေ ဆတ်ခနဲ ကျုံ့သွားခဲ့သည် ။ ပြီးမှ ... ၊

"လက်ထပ်တယ်ဆိုတာ လူနှစ်ယောက်ပဲ ပေါင်းဖက်ကြတာမှန်တယ် ... ဒါပေမဲ့ ဒီနှစ်ယောက်နဲ့ ပတ်သက်တဲ့ အသိုက်အဝန်းကို ထည့်မတွက်လို့ မရဘူး၊ ဖွဲ့နိုင်က တစ်ဦးတည်း သောသား ... မိဘတွေက ဖေဖေတို့ ထက် ချမ်းသာတယ်၊ ခေတ်မီတယ် ... အိမ်ထောင်ဖက် ရွေးချယ်ခွင့်ကို သူ့သားလက်ထဲ ထည့်ထားပေမဲ့ သမီးကို သူတို့ လိုလားပါ့မလား ... "

"မလိုလားပါဘူးလို့ ဒီနားထဲရောက်အောင် သတင်း အမျိုးမျိုး လွင့်နေတာကိုရယ် ... မြတ်တော့ ရှက်လို့ သေသွားနိုင်တယ်၊ တကယ်ပဲ ... "

"မေမေကလည်း စေ့စပ်မယ် ဆိုတာလည်း သူတို့ ကပဲ စပြီး ကမ်းလှမ်း တာဥစ္စာ ... "

နီနီဇင်မြင့်က ပြောရင်း ကိုင်ထားသည့် အိတ်လေးကို ပေါင်ပေါ်တင်ပြီး ရဲရဲဘေးမှာ ဝင်ထိုင်လိုက်သည် ။ ဦးရဲလူက ဒေါ်မြတ်ပန်းနီဘေးမှာ ထိုင်လိုက်ပြီး မိဘနှစ်ပါးက တစ်ဖက် ညီအစ်မ နှစ်ယောက်ကတစ်ဖက် ... ၊

"ရဲရဲ မမအတွက် နှင်းဆီငါးပွင့်လောက် သွားခူးပေးစမ်းပါ ... ပြီးရင် ပါကင်လှလှလေး ထုပ်ပေးနော်၊ လက်ဆောင် ပေးစရာရှိလို့ ..."

"ဟုတ် ..."

ဒီနေရာကနေ ဘယ်လောက် ထသွားချင်နေသည် မသိ။ အစ်မဖြစ်သူက လမ်းဖွင့် ပေးလိုက်တာနှင့် ပခုံးသာသာ ဆံနွယ်ပျော့လေးတွေ ဖျတ်ခနဲဝေ့ ခါသွားအောင် ခုန်ထ၏။ အရပ်မနိမ့်မမြင့် ကိုယ်လုံး သွယ်သွယ်လေးနှင့် ရဲရဲသည် အိမ်မှာ ဆို ဘောင်းဘီတို ကွာတားလေးတွေနှင့် နေတာများကာ ဂါဝန်ဝတ်တာက တစ်ခါတလေ။ ဒါတောင် ခြေဖျားကပ် ဂါဝန်တွေ မဝတ်တတ်သဖြင့် ဂါဝန်ရှည်ပြီဆို လက်ထဲမှာ ဆုပ်လို့ မနိုင်တဲ့ အထိ လုံးထွေး မထားရတာ ရာဇဝင်တွင် ၏။ သူတို့ တွေ ရဲရဲထွက်သွားတဲ့ ဆီ သုံးယောက်သား မျက်လုံးတွေကပ်ပါသွားခဲ့ပြီး ... ၊

"ခက်တယ် ... "

"ငါတော့ စိတ်ညစ်ပါတယ် ... "

ဦးရဲလူနဲ့ ဒေါ်မြတ်ပန်းနီ သံပြိုင်ထွက်၏။ အ လုပ်သွားရမည့် နီနီဇင်မြင့်က နာရီ ကြည့်လိုက်ပြီးမှ ... ၊

" ရဲရဲကို သိပ်မဆူပါနဲ့ မေမေရယ် ... "

"ဘာရယ် ... "

ဒေါ်သဖြစ်သွားသည့် အသံက ရုတ်တရက် ကျယ်လောင်သွားခဲ့၏။

ပြီးမှ ကိုယ့်အသံကိုယ် သတိထားမိပြီး ခပ်တိုးတိုးနှိမ့်၍ ... ။

"ဒီလောက် တဗုန်းဗုန်းကျပြီး ဒီအသက်အရွယ် တိုင်လာတာကို မဆူပါနဲ့ ဟုတ်လား ... ဒီအမေက ဆူတာလောက်ပဲ တတ်နိုင်တာလေ ... "

"မေမေဆူရင် ခံရမှာ ပဲရှိတယ် ... သူကိုယ်တိုင်မှ မလိုချင်ရင် ဘယ်နှနှစ်ဖြေဖြေ အောင်မှာ မဟုတ်ဘူး မေမေ၊ စာမေးပွဲဆိုတာ ကံနဲ့ လည်း ဆိုင်သေးတယ် ... ဒီလောက် ကျူရှင်ကောင်းတွေ တက်နေသားနဲ့ စာကျက်ရမယ့်အချိန် လည်း ကျက်နေတာပဲ ... "

"ပါးစပ်က အော်နေပြီး ခေါင်းထဲ မရောက်လို့ ပေ့ါအေ ... အခု မေမေ စိတ် ပူနေတာ သူစေ့စပ်မယ့် ကိစ္စပဲ၊ စာမေးပွဲကျခဲ့တာ ကိစ္စမရှိဘူးထား ... အဲ့လိုမဟုတ်ဘဲနဲ့ သူက ဆက်ဖြေနေတာ၊ အောင်လား ဆိုတော့လည်း မအောင်ဘူး ... အခုစေ့စပ်ဖို့ ခေါင်းညိတ်လိုက်ပြန်ပြီ ... "

ရဲရဲတစ်ယောက် ဆယ်တန်း မအောင်ခဲ့ပေမဲ့ စီးပွားရေး လုပ်နေတယ် အောင်မြင်နေတယ် ဆိုရင် ဒါကို မေ့တောင်မေ့နေမှာ ပါ။ ခုတော့ သူမ အဖြစ်က အမြဲတမ်း ဆယ်တန်းဖြစ်နေသည့် အခြေအနေက မထွက်နိုင်ဘဲ စေ့ စပ်ဖို့ ကိုတော့ လက်ခံခဲ့သည် ။ ကိုယ့်သမီးမို့ သေချာသိနေတာကို ပြောရပါ လျှင် သူမခေါင်းထဲမှာ စာမေးပွဲကလည်း အရေးမကြီး အိမ်ထောင်ပြုခြင်း သည် လည်း ပေ့ါပေ့ါတန်တန် ... ။

"ဟုတ်ပါပြီ ... ဒီတော့ မင်းက ဘာလုပ်ပေးချင်တာလဲ၊ ဒေါက်တာသဲစုဝင်း ဆီက တစ်ခုခု အကူအညီ တောင်းလိုက်တာလား ... "

လင်မယားချင်း မကြာခဏ ပြောဖြစ်ခဲ့တာကို ဖမ်းပြီး မေးလိုက်တာဖြစ်သည် ။ စာမေးပွဲဖြေပြီး အခြေအနေ သိပ်မဟန်ဘူးဆိုတည်းက 'ကျူရှင်ကိုချည်း အားမကိုးဘဲ အိမ်မှာ ဂိုက်ဒ်ခေါ်ထားခဲ့ရင် ကောင်းသား'လို့ ဒေါ်မြတ်ပန်းနီ တဖွဖွညည်းခဲ့သည် ။ 'သဲစုဝင်းညီမလေးက စာသိပ်

တော်တာ ... အငယ်မကို ပြနိုင်မှာ ပဲ’လို့ ထုတ်ပြောတာလည်း ရှိခဲ့တာကြောင့် ... ၊

" ဟုတ်လား ... ကိုယ်ကတွေးကြည့်တာပါ ... "

" ဟုတ်တယ် ... ဒါပေမဲ့ ရွယ်တူချင်းဆိုတော့၊ ပြီးတော့ သဲလတ်ချိုက စကားနည်းတယ် ... ပြောရရင် ပညာမာန်လေးလည်း ရှိပုံပဲ ... "

" သြော် ... ဆရာ လုပ်ခိုင်းရမှာ ပဲကွာ၊ ဆရာဂုဏ်မြောက်မယ့် ဂိုက်ဆိုက်တော့ ရှိမှာ ပေ့ါ၊ မဆိုးပါဘူး ... ဒါပေမဲ့ သမီးငယ်က ဆက်ဖြေမယ့်ပုံရှိလို့ လား"

"ဟုတ်ပါတယ်မေမေရယ် ... ဆက်လည်း မဖြေသင့်တော့ပါဘူး၊ မေမေ့ သမီးက သူ့အသက်သူ မေ့နေတာ ... သူ့ထက်ငယ်တဲ့ ကလေးငိုတောင်မှ ကျောင်းပြီးနေပြီ၊ သူ့ကိုယ်သူ သတိမရဘူး ... သူဘာဝါသနာပါသလဲ သေချာမေးပြီး သူလုပ်ချင်တဲ့ စီးပွားရေးတစ်ခုခု ထူထောင်ပေးလိုက်ရင် မကောင်းဘူးလား ... "

ဆယ်တန်း မအောင်တာက အမြတ်မရပေမဲ့ အလုံးအရပ် လျော့တာ မဟုတ်။ စီးပွားရေး ထူထောင်ပေးကာမှ ရင်းနှီးပေးသမျှ တစ်သုတ်ပြီး တစ်သုတ် ပလုံပစ်နေရင် မခက်ဘူးလား ...။ ဒေါ်မြတ်ပန်းနီ ခင်ပွန်းသည် ကို ကြည့်လိုက်တော့ မျက်မှောင်ကုတ် နှုတ်ဆိတ်နေသဖြင့် သမီးကြီး ပြောတာကို ကဲန်ဆယ်လ် ထားလိုက်ရကာ ... ၊

"စေ့စပ်ဖို့ ကို နောက်နှစ်ဆုတ်ထားလိုက်ပြီး သမီးငယ်ကိုစာမေးပွဲအာ ရှုံစိုက်ဖို့ တိုက်တွန်းချင်တာ ... သူတကယ်ဖွဲ့နိုင်နဲ့ နီးနီးနေချင်တာမှန်ရင် ... "

"နီးချင်တာ ဝေးချင်တာထက် မင့်သမီး ဖြေချင်စိတ်ရှိမှ ဖြစ်မှာ မြတ်

... သူ့ဟာသူ ဖြေပါ့မယ်ဆိုပြီး ဖြေနေတာတောင် မအောင်ဘဲနဲ့ ကိုယ်က တိုက်တွန်းလို့ ဖြေရတာဆိုရင် ... "

"တိုက်တွန်းကြည့်ရမှာ ပဲကို ... သူ့အသက်အရွယ်က ခုနှစ် နေ့ရက် တွေနဲ့ မဆိုင်တော့ဘူး ... ဆယ်တန်း ကာလမှာ ပဲ ရပ်တန့်နေတာ၊ အဲဒီ တော့ ဘယ်အရွယ်ဖြစ်ဖြစ် ဒီဆယ်တန်းကို အောင်မှ ကိုဖြစ်မှာ ... "

စာမေးပွဲကျတုန်းက သမီးလေးကိုသနားလိုက်တာ ... တဟီးဟီးနဲ့ ကျူကျူပါအောင် ငိုလို့ ချော့လိုက်ရတာဆိုတာ သူများ တွေက စာမေးပွဲ အောင်လို့ ဆုချကြပေမဲ့ ကိုယ်ကတော့ စာမေးပွဲကျလို့ ပြိုင်ကားလှလှ လေး တစ်စီး ဝယ်ပေးခဲ့ရတဲ့ အဖြစ်။ နောက်နှစ်ကျတော့ နေမကောင်း ဖြစ်လို့ ။ ဒါလည်း ကိုယ့်ကလေး ပြန်ကောင်းလာတာ အမြတ်။ စာမေးပွဲ က အရေးမကြီး။ သူမမ ဖြေချင်တော့ဘူး ဆိုတဲ့ နှစ်တွေမှာ လည်း အငယ်ဆုံးမို့ အလိုလိုက်ထားသည့် အရှိန်က သူမဖြေချင်တာကို ဖိအားမ ပေးတော့ပါဘူးလေ ဆိုပြီး ထားခဲ့လိုက်သည် ။ နောက်နှစ်တွေမှာ အဖေ့ ကို ကူမလား အစ်မကိုကူမလား စီးပွားရေး တစ်ခုခု လုပ်မလားစသဖြင့် မေးခွန်းတွေ ထုတ်၍ သွေးတိုးစမ်းခဲ့ပေမဲ့ တစ်ခုမှ တိုးမပေါက်ခဲ့ပေ။ အ ထပ်ထပ် ကျနေတာကြီးကို ရပ်တန့်ချင်ပါ ပြီဆိုသည့် အချိန်မှာ အိမ် ထောင်ရေးက ငုတ်တုတ်စောင့်နေ၏။

ကိုယ်မွေးခဲ့တဲ့ သမီး ကိုယ်တိုင်လည်း နားမလည်တော့ပါ။ ဘယ်လို နက္ခတ်နဲ့ ဘယ်လောက်တောင် ကြီးမြတ်စွာမွေးမိခဲ့တာလဲ ...

*****

# အခန်း(၂)

" ဟာ ... မဖြစ်နိုင်တာ မမကလည်း ၊ နီရဲရဲနီက အရမ်းရိုင်းတာ ... သူ့ဟာ သူအသုံးမကျလို့ ကျကျန်ခဲ့ပေမဲ့ အသက်ချင်းက မတိမ်းမယိမ်း၊ ကျူရှင်လည်း အတူတက်ခဲ့ဖူးတယ် ... "

"ဒါပေမဲ့ ညီမလေးတို့ သူငယ်ချင်းတွေမှ မဟုတ်တာ ... မရင်းနှီးရင် ခပ်တန်းတန်း နေလို့ ရတာပဲ၊ နောက်ပြီး ဆယ်တန်း အောင်ရုံနဲ့ တောင် ဆယ်တန်း ချင်းပြန်ပြီး ဂိုက်ဒ်လုပ်နေကြတာ ညီမလေးရယ် ... "

" ဒါပေမဲ့ လတ်ကတော့ သူ့ကို လုံးဝမသင်ပေးဘူး ... "

ခံစားချက်က ရင့်နေပြီမို့ နီရဲရဲနီဆိုသည့် အသံကြားတာနဲ့ ထွီခနဲ တောင် လုပ်ပစ်ချင်သည် ။ နာမည်က နီသလောက် ဝတ်လိုက်ရင် အနီ ရောင် တွေပဲများ သည် ။ မနီရင်တောင် ဘယ်လိုအရောင် ဖြစ်ဖြစ် လက် လက်တောက်နေမှ ။ လက်ဝတ်ရတနာ ဘယ်တော့မှ မဝတ်ဘဲ ဖန်စီ တွေကို သူများ လိုက်မမီတဲ့ ဒီဇိုင်းတွေနဲ့ မိန်းမချင်း ငေးရအောင်ဝတ်သ ည် ။ သူမအသားက ဖြူတာထက်ပိုပြီး ဝင်းထိန်နေသည့် အသားမျိုးမို့ သူမနဲ့ မလိုက်တဲ့ အရောင်လည်း မရှိ။ အတိုအပြတ်တွေ ဘယ်လိုဝတ်ဝ တ် တင့်တယ်သော ကိုယ်ဟန်သွယ်သွယ်က ကဲ့ရဲ့ ဖို့ မေ့လောက်အောင် ကြည့်ကောင်း နေသည် ။ ထို့ပြင် မျက်လုံးမျက်ခုံးက သာမန်ပဲဖြစ်သည့် တိုင် မေးတစ်ဖက်မှာ အညိုရောင်မှဲ့လေး ရှိနေသဖြင့် သူမ၏ အပြုံးအရ

ယ်တွေက အသက်ဝင်၏။

ဤကဲ့သို့ မနာလိုဖွယ် အလှတရားတို့ ဖြင့် ပြည့်နှက်နေသောသူမသည် ကိုယ်ချစ်ရတဲ့ သူကို လုယူသွားခဲ့သည့် နောက် ... ၊

" စာသင်ဖို့ ထက် ရည်းစားထားဖို့ ပဲ အာရုံစိုက်နေတာ ... "

"သူရည်းစားထားတာ ညီမလေးက သိနေလို့ လား ... "

သဲလတ်ချို့အသံလေး တိတ်သွားသည် ။ သူမရှေ့မှာ ဖွင့်ချထားသည့် စာအုပ်ကို သဲစုဝင်းက အသာလေးဆွဲယူပြီး ပိတ်ထားလိုက်ကာ ... ၊

"လူပြောသူပြောနဲ့ ရမ်းထင်မနေပါနဲ့ ညီမလေးရယ် ... မိန်းကလေးတစ်ယောက် လှနေပြီ ဝတ်စား သွားလာနေပြီဆို အဲ့မိန်းကလေး ပွေတယ်ရှုပ်တယ် ဆတ်ကော့လတ်ကော့ ဘာညာတွေ လူတွေက ပြောကြတာပဲ ... သူ့လိုဆယ်တန်း တဗုန်းဗုန်းကျနေတဲ့ မိန်းကလေးဆို ပိုပြောတာပေ့ါ ... "

"သတင်းဆိုတာလည်း ချဲ့ကားကြီးမားသွားတာ ဖြစ်ရင်ဖြစ်မယ် ... အရင်းအမြစ်ကတော့ ရှိနေတာပဲမမ၊ နီရဲရဲနီကို မပွေမရှုပ်ပါဘူးလို့တော့ မမမပြောနိုင်ဘူးမို့လား ... "

ဒါတော့ ဝန်ခံရမှာ ပေမဲ့ မိန်းကလေးချင်း အလှချင်းပြိုင်ပြီး မနာလိုတာများ လား လို့ လည်း တွေးလိုက်မိသည် ။ ရဲရဲအကြောင်း ပြောလိုက်တာနှင့် ခါးခါးသီးဖြစ်သွားသည့် ကိုယ့်ညီမမျက်နှာက ထူးခြားနေသည်မို့ ...၊

"ဒါနဲ့ ညီမလေး သူငယ်ချင်းတွေထဲမှာ ရောဂိုက်ဒ်လုပ်ပေးချင်တဲ့ အခြေအနေမျိုး တစ်ယောက်တောင် မရှိဘူးလား ... "

" သူ့ကိုဆို ဘယ်သူမှ ဂိုက်ဒ်လုပ်ချင်မှာ မဟုတ်ဘူး ... "

" ဟင် ... "

သဲစုဝင်း အံ့သြသွားတော့ သဲလတ်ချိုက လှည့်ကြည့်ကာ ... ။

"မမက လျှော့တွက်နေတာလား ... အဲ့တစ်ယောက်က လူကသာ ဆယ်တန်းမအောင်တာ ကျောင်းထဲမှာ သူ့ခြေရာချည်းပဲ၊ အပေါင်းအသင်းကလည်း စုံပဲ့ ... တချို့ဆို အားငယ်ပြီး ဆေးတက္ကသိုလ် မပြောနဲ့ ဘယ်ယူနီဗာစီတီဖြစ်ဖြစ် တော်ရုံ ခြေမချရဲကြဘူး၊ သူကတော့ ဆေးကျောင်းလည်း လာထား ... ဆရာတွေလည်း မလွတ် ... "

ကြည့်စမ်း ... မိန်းကလေးချင်း အတင်း ပြောတတ်နေတာ ...

သဲစုဝင်း ကိုယ့်ညီမကိုအံ့သြနေကာ နားလည်း လည်သွားခဲ့သည် ။ ထို့ပြင် သူမနဲ့ အတူ ရှိနေကြမည့် သူငယ်ချင်းတွေလည်း ထိုနည်းနှင်နှင် ဖြစ် နိုင်သည် လို့ တွေးမိရင်း ... ။

"အေးလေ ... မမဘာသာပဲ ရှာကြည့်ပါတော့မယ်၊ အန်တီမြတ်တို့က အရမ်း သဘောကောင်းကြတာ ... နောက်ပြီး မမအမြင်မှာ တော့ ရဲရဲက ကလေး ဆန်တာပါ၊ အဲ့လိုလူမျိုး တွေက ကိုယ့်ကြောင့် သူများ ထိခိုက်သွားတာလည်း မသိဘူး ... ကိုယ့်ကိုယ်ကိုယ် ထိခိုက်မှာ လည်း ဂရုမစိုက်တတ်ဘူး၊ ပြောချင်တာက ပေ့ါပေ့ါတွေး ပေ့ါပေ့ါနေတတ်တာ ပေ့ါ ... ရည်းစား ထားနေတာနဲ့ တော့ စရိုက်ပျက်နေပြီလို့ မဆိုနိုင်ပါဘူး၊ မမကတော့ ဒီကောင်မလေးကို တိုက်တွန်း ပေးရင် ထူးချွန်လာမှာ ပဲ ထင်နေတယ် ... "

ဒီစကားမှာ သဲလတ်ချိုက ပခုံးလေးတွန့်ပြီး တစ်ဖက် လှည့်သွားသည် ။ သဲစုဝင်းကလည်း နေရာမှ ထရပ်လိုက်ကာ ... ။

"ဘာပဲဖြစ်ဖြစ် မိဘတွေရဲ့ ပူပန်မှုကို လျှော့ပါးစေမယ် ဆိုလည်း မမ

ကတော့ ကူညီဖို့ ကြိုးစားမှာ ပဲ ... ဖြစ်လာတာ မဖြစ်လာတာကတော့ သူတို့ အပိုင်းပေါ့ ... "

*****

# အခန်း(၃)

မျှော်စင်ကျွန်းထဲကို လမ်းလျှောက်ဝင်လာကြရင်း နှစ်ယောက်သား အအေးဘူးတွေ ကိုယ်စီ ပိုက်လေးတပ်၍ စုပ်နေကြသည် ။ ရေငက်နေတာမို့ တစ်ဝက်ကျော်ကျော် ကုန်သွားတဲ့ အထိ မော့လည်း မကြည့်နိုင်။ စကားလည်း မပြောနိုင်ကြဘဲ ... ၊

"အား ... ရင်ထဲကိုအေးသွားတာပဲ ... "

"ဟုတ်တယ်နော် ... သိပ်မဝေးပါဘူးဆိုပြီး လျှောက်ခဲ့ကြတာ ညောင်းလိုက်တာ၊ အဲ့ကား ပြန်ရွေးရင် ငါမလိုက်တော့ဘူး ... "

" အဲဒီတော့ ငါကကားကို ခေါင်းပေါ်ရွက်ခဲ့ရမှာ လား ... "

မမောင်းတတ်သည့် ကလေးငိုက မျက်စောင်းထိုးပြီး ငေါ့သည် ။

" နင့်ကိုငါ သင်ပေးထားတာ ဘာအတွက်လဲ ... "

"အောင်မာ ... တဖြောင့်တည်း ပြေးနေအောင်တော့ ခဏလေး သင်တာနဲ့ တတ်တယ်လေ၊ ငါလည်း အဲ့လောက်ပဲ တတ်တဲ့ ဟာ ... "

ထိုစဉ် လူတွေစုရုံးစုရုံး ဖြစ်နေကြတာ လှမ်းမြင်လိုက်ကာ ... ၊

"ဟိုမှာ ဘာလဲမသိဘူး ... "

" ဘာဖြစ်ရမှာ လဲ ... ရုပ်ရှင်ရိုက်နေတာဖြစ်မှာ ပေါ့ ... "

" သွားကြည့်ရအောင် ... "

ရဲက အအေးဘူးကို လမ်းဘေးမြက်ခင်းတွေပေါ် လွှဲပေါက်လိုက်ပြီး မဲ့သည် ။

" ဘာလို့ ကြည့်ရမှာ လဲ ... "

" ဟ ... ဟိုမှာ မင်းသား မင်းသား၊ ဘယ်သူပါလိမ့် ... ပါးစပ်ဖျားတင် မေ့နေတယ် ... "

"မင်းသားတွေလောက်တော့ ရင်မခုန်ပါဘူး ... ငါ့ရည်းစားတွေကို ကြည့်ကြည့်လိုက်၊ မြန်မာနိုင်ငံက မင်းသားတွေ ထိုင်ငိုသွားလိမ့်မယ် ... "

" လေကြီးမိုးကြီး ... "

" ခစ် ခစ် ... "

ရယ်နေရင်း ထိုအနီးဝန်းကျင်ကို ရောက်လာသည် ။ လှည့်ကြည့်လိုက်တော့ မင်းသမီးနဲ့ မင်းသား ရန်ဖြစ်ခန်း ရိုက်နေကြတာဖြစ်ကာ ဟာသမှန်း သိလိုက်တော့ သေချာကြည့်မိ၏။ ထိုစဉ် ဘေးက ဖြတ်သွားသည့် တစ်ယောက်က ပိတ်ကွယ်လိုက်သဖြင့် ထိုသူကိုရှောင်၍ ခေါင်းတိမ်းကြည့်လိုက်သည် ။ ထိုသူက ကိုယ်တိမ်းသည့် ဘက်ကို ယိမ်းလာတော့ တခြားဘက်ကနေ ခေါင်းထုတ်ကြည့်မိ၏။ မင်းသမီးက မင်းသားကို အရုပ်နဲ့ ရိုက်မလို့ အရုပ်သည် ဆီက လှည့်ဆွဲလိုက်တော့ အရုပ်က ခေါင်းပြုတ်ပါသွား၏။

" ဟား ဟား ဟား ... "

အရုပ်ခေါင်းက လက်နဲ့ အရှိန်ပါသွားကာ မင်းသမီးပါ ပက်လက်လန်သလို ဖြစ်သွားတော့ မင်းသားက လက်ဝါးရိုက်ရယ်၏။

" ခစ် ခစ် ခစ် ... "

ရဲရဲမနေနိုင်တော့ဘဲ ရယ်ချလိုက်မိသည် ။ ရယ်လို့ ကောင်းတုန်း ထို ပုဂ္ဂိုလ်၏ ကျောပြင်ကြီးက ရှေ့တည့်တည့်ကို ရောက်လာပြန်လျှင် ... ၊

" ဩော် ... ရှုပ်နေတာပဲ ဖယ်စမ်းပါ ... "

" ဟာ ... "

" အယ် ... ဆောရီး ဆောရီး ... "

တွန်းလိုက်တာက ဘေးရောက်သွားရုံပါ။ သူလည်း ငေးလို့ ကောင်း နေတုန်း ထင်သည် ။ ရဲရဲတွန်းလိုက်တာနှင့် ဘေးကို စိုက်စိုက်ပါအောင် ယိုင်ထွက်သွားတာ ကံကောင်းလို့ မလဲခြင်း ... ၊

" ခစ် ... ခစ် ရယ်ရတယ်ဟာ၊ ကြည့်ဦး ... "

" ဆောရီးပါဗျာ ... ဒီမှာ အာရုံများ နေလို့ ပါ ... "

ရဲရဲလုပ်ချလိုက်တာကို ကလေးငိုက တောင်းပန်နေသည် ။ တစ်ဖက်လူ ဘာတွေဖြစ်နေသလဲ ရဲရဲက စေ့စေ့တောင် မကြည့်ပေ ... ၊

" လာ ... ဒီဘက်တိုးခဲ့စမ်းပါ၊ ငါတောင်းပန်ပြီးပြီဥစ္စာ ... ဒီမှာ လာ ကြည့်"

ယိုင်သွားသည့် လူကိုကြည့်ခြင်း ကလေးငိုကို ခေါ်ခြင်းက ခေါင်း တစ် ချက်လှည့်ရုံပဲ ဖြစ်ကာ ဟိုဘက်ဒီဘက် လှည့်သွားသည့် အခိုက်အ တန့်တို့ သည် မျက်မွေးတစ်ဆုံးတောင် ကြည့်ဖြစ်မည် မထင်လောက် အောင် မြန်ဆန်သွားခဲ့ပြီး ဆံပင်တွေက ဖွာခနဲ လွင့်ခနဲ ... ၊

"ရဲရဲရာ ... နင်ကလည်း မကြည့်ချင်လို့ ပဲနော်၊ ဟိုလူဘာတွေ ဖြစ် သွားလဲတောင် တစ်ချက်မှ လှည့်မကြည့်ဘူး ... "

ရဲရဲက ဟိုကိုငေးနေဆဲနှင့် ... ၊

" ကြည့်တာပဲဟာ ... "

" ဘာကြည့်တာလဲ ... ဟိုမှာ ကံကောင်းလို့ လေးဖက်ထောက်မလဲတာ "

"ယောကျ်ားကြီးဖြစ်ပြီး ငါ့လက်လေးနဲ့ တွန်းတာကို လဲစရာလား ... တောက် ... လာတွန်နေတယ် ကလေးငိုရာ ... "

ရဲထိုနားက လှည့်ထွက်လာခဲ့ရင်း ဆံင်တွေဖွ ခြေဆောင့်နှင့် ကလေးငိုကို လှည့်ထိုးနေသည့် မျက်စောင်းက မျက်လုံးကြီးတွေ ကျွတ်ထွက်လာတော့မယ့် အတိုင်း ... ၊

"အဲဒါကြောင့် ပြောတာ စိတ်က ခုဒါလုပ်မယ် ... ချက်ချင်း မလုပ်တော့ဘူး၊ တော်ကြာသွားမယ် ... တော်ကြာမသွားတော့ဘူး ... "

" ငါ့စိတ်နဲ့ ငါ့ကိုယ် ဘာဖြစ်လဲ ... "

" ခုရော ... ဘယ်ကိုသွားမှာ လဲပြော၊ ရည်းစားနဲ့ ချိန်းထားတာတော့ မဟုတ်ပါဘူးနော် ... နှမလင်နေ မောင်ဖင်ကျိန်း ... "

" ဒါလားဖင်ကျိန်းမယ့်ရုပ် ... "

စကားပြောလည်း ဘယ်တုန်းကမှ မတည့်မတ်ခဲ့ဘဲ ကလေးငိုနဲ့ ပဲ ဘယ်သွားသွား အတူတူ။ မရှိရင် ရှာသည် ။ တွေ့တော့ ရန်ဖြစ်ကြသည် ။ မောင်ဆိုပေမဲ့ ညီအစ်မတွေလို ပြောချင်ပြီဆို ပြောသင့်သင့် မပြောသင့်သင့် အကုန်ပြောတော့သည် ။

" ဟင် ... ဟိုမှာ အကဲလေး ... "

ရုတ်တရက်ကြီး လက်ကို ဆွဲချိတ်လိုက်သဖြင့် ကလေးငိုမျက်လုံး

တွေ ဟိုဒီလှည့်ပတ် ရှာမိ၏။ ရဲရဲ ဒီလိုလုပ်ပြီဆို သူမပြတ်စဲချင်သော ရည်းစား တစ်ယောက်ယောက် အနားမှာ ရှိနေပြီ ... ၊

" ဘယ်မှာ လဲ ... ဘယ်သူလဲ၊ ငါမတွေ့ဘူး ... "

" နင်လိုက်ရှာနေတာနဲ့ ပေါ်ကုန်လိမ့်မယ် ... ဘယ်မှ မကြည့်နဲ့ ၊ လာမေးရင် ခပ်တည်တည်နေ ... "

" ဟမ် ... လာမေးမယ် ... "

ထိုစဉ် အသားဖြူဖြူ ခပ်ဖြောင့်ဖြောင့် လူနှစ်ယောက် သူတို့ ရှိရာကို ဦးတည် လာနေကြတာ မြင်လိုက်ရပြီး ... ၊

" ရဲ ... "

ရဲရဲကို ခေါ်လိုက်ပြီး ကလေးငိုကို မျက်လုံး ဝေ့ကြည့်ပုံက မကြည်ကြည့်။ ကလေးငိုက အရပ် သိပ်မမြင့်ပေမဲ့ ရဲရဲထက်တော့ ပိုမြင့်သည် ။ ဆံပင်ပုံစံက နားအထက်မှာ ပတ်လည် ရိတ်ထားတာမို့ ရတ်တရက်ဆို သပိတ် စွပ်ထားတာနှင့် တူ၏။ ထို့ကြောင့် ရုပ်လေး သနားကမားပေမဲ့ ကြည့်ရဆိုးခြင်းသို့ ရောက်ကာ ... ၊

" တို့ ကိုတွဲပြတာတော့ မဟုတ်ပါဘူးနော် ... "

ဒီရုပ်မျိုးနဲ့ ဆိုသည့် သရော်ကြည့်က နောက်ထပ် ကလေးငိုထံဝေ့ သွားသည် ။ ပြီးတော့ သွားတွေပေါ်အောင် ပြုံးလိုက်ရင်း ... ၊

" တို့ ရဲကို ရှင်းမပြခဲ့တာက ... "

" ခုလည်း ရှင်းပြဖို့ မလိုဘူးနော် ... ရဲက နိုးဆိုရင် နောက်ထပ်မေးလည်း ဒါပဲ၊ သွားမယ်ကို ... "

" နေပါဦး ... "

ဆွဲလိုက်တာက ကလေးငိုရဲ့ ပခုံးစွန်းကိုဖြစ်ကာ ဖိဆုပ်ကိုင်လိုက်ပြီး ဆွဲသလိုနှင့် တွန်းပစ်၏။ ကလေးငို ယိုင်သွားတာနှင့် ရဲရဲရဲ့ လက်တစ်ဖက်ကလည်း ရိပ်ခနဲ မြောက်တက် သွားသည် ။ ထိုတစ်ယောက်က လက်ကိုအမိအရ ဖမ်းကိုင်ထားလိုက်လျှင် ရဲရဲ၏ နောက်လက် တစ်ဖက်သည် ... ။

" ဖြန်း ... "

" အ ... "

လက်တစ်ဖက်ကို မိလိုက်သည် မို့ အပိုင်တွက်လိုက်သည့် အခိုက်မှ ပါးတစ်ဖက်ကို အရိုက်ခံလိုက်ရသဖြင့် ညည်းသံပါ ထွက်လာ၏။ လူသည် လည်း တစ်ဖက်စောင်း ယိုင်ထွက်သွားကာ ... ။

" ရဲ ... မင်းလုပ်ရက်လှချေလား ... "

"ဟုတ်တယ် ... ရှင်မကျေနပ်ရင် ပြန်ရိုက်လေ၊ ရဲက အားမတန်လို့ ရှုံးရင်တောင် ကြောက်ပါပြီလို့ တော့ မအော်ဘူးနော် ... ဟွန့် ... "

ကလေးငိုလက်ကို ဆွဲ၍ ရဲဆံပင်တွေခါပြီး ထွက်လာခဲ့သည် ။ ဟန်ကိုယ့်ဖို့ လုပ်ရင်း မှ င်မောင်း ကောင်းခဲ့သော်လည်း နောက်ကများ ပါလာလေမလားလို့ စိုးရိမ်စိတ်တော့ဝင်၏။ ကလေးငိုက စားသောက်ဆိုင်အကွယ် ရောက်မှ လက်ကို ဆောင့်ရုန်းလိုက်ကာ ... ။

" မိရဲရဲ ... နောက် နင်နဲ့ ဘယ်မှ မလိုက်တော့ဘူး ... "

" နေနိုင်ရင်နေပေါ့ ... "

အနီရဲရဲ လည်ကပ်ကိုယ်ကျပ်သည် ခါးစပ်ထိပဲ ရှည်ကာ ဘောင်းဘီရှည်ခါးစပ်နဲ့ လက်နှစ်လုံးလောက် ကွာ၏။ ထို့ကြောင့် လက်မြှောက်လိုက် လွှဲလိုက်တိုင်း ဗိုက်သားက ဖွေးခနဲ လှပ်ခနဲ။ သူမကိုကြည့်၍ က

လေးငိုမျက် နှာကြီးမဲ့သွားသည် ။ ရဲရဲတို့ ချက်မှာ စိန်လုံး တပ်ထားပြီးတ ည်းက ဝတ်လိုက်သမျှ ချက်ပေါ်။ မောင်နဲ့ နှမ သွားလာတာတော့ လုံ လုံခြုံခြုံ ဝတ်ခဲ့ပါ ပြောတော့လည်း မရ ... ၊

"နင့်ကိုများ မောင်လို့ ကိုမှတ်လို့ မရဘူး ... လုပ်မနေစမ်းပါနဲ့ ၊ ငါတို့ တွေ ညီအစ်မလိုလည်း ပေါင်းလို့ ရတာပဲ ... နော် ... " ဆိုတာမျိုး ချော့သ လို ခြောက်သလိုလို ပြောတာတွေက စိတ်တိုရခက် ရယ်နေရခက် ... ၊

" ရဲရဲ ... အဲ့ကောင်က ဘယ်သူလဲ၊ ဘယ်တုန်းက ငြိလိုက်တာလဲ ... "

"ငါကရည်းစားထားတိုင်း အထက်ပါအောက်ပါ အရည်အချင်း အပြ ည့်အစုံနဲ့ တကွ နင့်ကို ရီပို့တင်နေရမှာ လား ... "

"ငါကလကုန်ရင် ပြန်တော့မှာ လေ ... နင့်ချည်းပဲ ကျန်ခဲ့တဲ့ အခါ ဒီ လို အခက်အခဲတွေ ဖြစ်လာရင် ... "

" ဩော် ... အင်း အတော် အားကိုးရတာကိုး ... "

" ဘာပဲဖြစ်ဖြစ် နင်လက်ချိတ်လို့ တော့ ရတယ်မို့လား ... "

ရဲကရယ်ကာ နောက်ကို လှည့်ကြည့်သည် ။ ဘယ်သူမှ ပါမလာ တော့မှ အနီးဆုံးမှာ ရှိသည့် ခုံတန်းလေးမှာ စိတ်မောသွားသလို ပစ်စလ က်ခတ်ထိုင် ချလိုက်ပြီး ... ၊

" စာမေးပွဲကျလို့ လူက ညစ်နေရတဲ့ အထဲ ဘာတွေ တစ်ရေးထနိုး နေမှန်း မသိဘူး ... "

" တစ်ရေးထနိုးတယ်ဆိုတော့ ပြတ်ဆဲတာ ကြာခဲ့တဲ့ ပုံပဲ ... "

" ဆယ်ရက် ... "

" ဟင် ... ဆယ်ရက်ပဲ ရှိသေးတယ် ... "

သူမဘေးမှာ ဝင်ထိုင်လိုက်ပြီး ကလေးငိုက မျက်လုံးပြူးနှင့် ... ၊

"နင်ဘယ်လိုတွေ လုပ်နေတာလဲရဲရဲရာ ... ရည်းစားဆိုတာလည်း ချစ်မှ ကြိုက်မှ တွဲကြတာပါ၊ နင်ကတော့ ဘယ်ရည်းစား အကြောင်း ပြောပြော အနှစ် မပါတဲ့ ဘဲဥလိုပဲ ... နည်းနည်းတော့ ထူးဆန်းစပြုနေပြီ ... "

"အနှစ်ပါတာမပါတာ ဘယ်သူတွေက ထိုင်ကြည့်ပြီး ဘာနဲ့ တိုင်းနေတာလဲ ... အလကား အရေးမပါတာ ... "

ရဲက မဲ့ရွဲ့လက်ခါသည် ။ ပြီးတော့ ခါတဲ့ လက်ကို ပေါင်ပေါ်ပြုတ်ကျသလို ဘုတ်ခနဲ ဖြုတ်ချလိုက်ပြီး ... ၊

"ချစ်လို့ ရည်းစားထားတာ မဟုတ်ဘူး ... ရင်ခုန်ချင်လို့ ထားတာ၊ ရင်ခုန်တယ် ဆိုတိုင်း ရူးခါးနေအောင် ချစ်သွားကြတယ်လို့ ဘယ်သူပြောလဲ ... "

"ရင်ခုန်တာ အချစ်ပဲ ... "

" မဟုတ်ဘူး ... ရင်ခုန်တာ အပျော်ပဲ၊ ရင်ခုန်လာရင် ပျော်တယ် ... သူ့အကြောင်းတွေးပြီး တက်ကြွနေတာ၊ ဥပမာဟာ အလှပြင်နေချင်တာ ... သူ့အသံ ပဲကြားချင်တာ၊ သူနဲ့ တွေ့ဖို့ စိတ်စောနေတာ ... "

" အေးလေ ... အဲဒါအချစ်ပဲ ... "

" အဲဒါပျော်နေတာလေ ... ဟွန်း ငါသိတဲ့ အချစ်ဆိုတာ အစမ်းသပ်ခံတယ် ... "

တစ်ခါတလေ ရဲရဲက ဤသို့ ထူးဆန်းနေတတ်လေသည် ။ သူမနဲ့ သွား အတူစား အတူနေခဲ့ကြတာမို့ တော်တော်များများ သိထားပြီးသည့် အထဲမှာ သူမထင်ရာ လုပ်ပြီး ထိုရည်းစား ခွင့်မလွှတ်ခြင်းကို အချစ် မ

ဟုတ်ဘူး လို့ ခေါင်းစဉ် တပ်ပစ်တာမျိုး ... ၊

"တချို့က ရည်းစားထားပေမဲ့ တစ်ယောက်ပဲ တွဲပြီး အဲဒီတစ်ယောက်ကိုပဲ လက်တွဲဖော် ရွေးချင်ကြတာလေ ... "

" အဲဒီတော့ ... "

"သူလည်း သူ့စိတ်တိုင်းကျမကျ သဘောထားချင်း ထပ်တူကျမကျ စမ်းသပ်ချင်မှာ ပေါ့ ... အဲဒီတော့နင်က ... "

"တော်ပါတော့ဟာ ... ချစ်ကြဖို့ အတွက် ညှိနှိုင်းချက်မလိုပါဘူး ... "

"ဒါဆို ရည်းစားစကားပြောပြီး ချစ်လားမချစ်လား ပြန်မေးတာကျတော့ရော အဲဒါညှိနှိုင်းတာ မဟုတ်ဘူး လား ... "

"အဲဒါခွင့်တောင်းတာလေ ... မိန်းကလေးဆီက လက်ခံဖို့ ခွင့်တောင်းတာ၊ ဒါကြောင့် တစ်ယောက်အပေါ် တစ်ယောက် စိတ်ဘဝင်ကျဖို့ ရွေးချယ်ခွင့်ဆိုတာလည်း မိန်းကလေးမှာ ပဲ ရှစ်ဆယ်ရာနှုန်း ဖြစ်ရမှာ ပေါ့ ... "

"လာသေးတယ် ... "

ယောကျ်ားပီပီ ယောကျ်ားထုဘက်က ခံပြင်းသွားသည် ။

"မိန်းကလေးက မှီခိုသူ ယောကျ်ားလေးက ဦးဆောင်သူ ... ဒီမိန်းမနဲ့ မွေးလာမယ့် ပေါက်စနီ ပေါက်စနတွေကို တစ်သက်လုံး ပခုံးပေါက်အောင် ရှာကျွေးသွားရမယ့် ကောင်က ကိုယ့်စိတ်တိုင်း မကျတဲ့ မိန်းမမျိုးကို မျိုသိပ်သည်းခံပြီး တစ်သက်လုံး သွားရမယ်ပေါ့ ... နင်တို့ မိန်းကလေးတွေ တော်တော်တရားကျဖို့ ကောင်းတယ်နော်၊ ကျေနပ်ရင်တစ်မျိုး မကျေနပ်ရင်တစ်မျိုး ... ယောကျ်ားတွေကို ပုတ်ခတ် သိက္ခာချတယ်၊ ပိုဆိုးရင် ထောင်ထဲတောင်ပို့ လိုက်သေးတယ် ... "

"အဲ့တော့ဘာဖြစ်လဲ ... သစ်ခေါင်းထဲကနေ ထတွန်မနေ စမ်းပါနဲ့ မောင် ကလေးငိုရယ်၊ နင့်ထက် ဦးနှောက်ကြီးမြတ်သူတွေ ချမှတ်ခဲ့တဲ့ လမ်းမှန်ဥပဒေတွေ ဝေဖန်ဖို့ မကြိုးစားနဲ့ ... မိန်းမဆိုတာ နင့်အမေမျိုး လို့ မှတ် ... "

"အံမာ ... "

"ကမ္ဘာမှာ အမေဖြစ်လို့ ရတာ မိန်းမပဲ ... "

"အဖေဆိုတာရှိမှ အမေဖြစ်တာ ... "

" ပြောင်းပြန် ပြောပြန်ပြီ ... အဲဒါက ယောက်ျား တစ်ယောက်ပဲ၊ အဖေ မဟုတ်ဘူး ... "

" ဒါဆို နင်တို့ လည်း မိန်းမပဲ ... အမေ မဟုတ်ဘူး ... "

ကလေးငို ဆတ်ဆတ်ခါ လိုက်ငြင်းနေသဖြင့် ရဲရဲသဘောတွေကျနေ၏။ စလို့ စမှန်းမသိ စိတ်တိုလွယ်တတ်သော ကလေးငို ... ။

"စကားကိုရှင်းတတ်မှ ရှုပ်ရတယ် ... မိန်းမက ကလေးမွေးပြီးရင် အမေ ဖြစ်တယ်၊ နင်တို့ ယောက်ျားတွေ ကိုယ့်သွေးသား ဖြစ်နေလည်း အဲဒီမိန်းမက အဖေမတပ်ရင် အဖေဖြစ်မလား ... တချို့ယောက်ျားတွေများ ကလေးအမေက သူ့ကလေးကို အဖေမတပ်တော့ အဖေဖြစ်ချင်လွန်းလို့ လေ ... ခစ် ခစ် ... "

" ရဲရဲ ... နင်နော် ... "

မိန်းကလေးလို ပေါက်ပေါက်ရှာရှာ တွေလည်း မပြောတတ်တော့သဖြင့် ကလေးငို လက်သီးဆုပ်ကြီးနဲ့ ကပ်ကြိမ်းသည် ။ ကိုယ်ကြီးကြွပြီး မချင့်မရဲ အံကြိတ်ပြ၏။ ရဲရဲ တခစ်ခစ် ရယ်နေကာ ဖုန်းလာသဖြင့် ... ။

" ဟာလိုမေမေ့ ... "

" ... ... ... ... ... ... ... ... ."

" ခုမှ ခဏပဲရှိသေးတာ မေမေကလည်း ... ကားပျက်လို့ ကြာနေတာပါ ... "

" ... ... ... ... ... ... ... ... ... ... ... "

" ဟုတ်ကဲ့ပါ ... "

ခုန ရယ်နေသည့် မျက်နှာ ရှုံ့မဲ့သွားတော့ ကလေးငို ဝမ်းသာလိုက်သည့် ဖြစ်ခြင်း။ အဲဒီတစ်ယောက် များများ ခံရပါစေ ... ၊

" ဘာလဲ ရပ်ကြီးက ... "

" ဟား ဟား ဟား ဟား ... "

" သေအောင်ရယ် ... အဲဒီမှာ ... "

သူမ ဆောင့်အောင့်ထရပ်တော့ သူပါ လိုက်ထရပ်လိုက်ရကာ ဘေးလွယ်အိတ်ကြီးကို ပခုံးမှာ စလွယ်သိုင်း ချိတ်လိုက်ရင်း ... ၊

"ငါကမသေဘူး မိရဲရဲ ... နင်သာ သေလောက်အောင် ကြိုက်ပြီး တကောက်ကောက် လိုက်ရတဲ့ ကောင်နဲ့ တွေ့မှာ ... "

"အံမာ ... "

ရဲရဲ ခြေလှမ်းရပ်သွားတော့ ကလေးငိုက သူမရှေ့မှာ မျက်နှာချင်းဆိုင် သေချာ ပိတ်ရပ်လိုက်ပြီး စပ်ဖြဲဖြဲ ... ၊

"အဲ့လိုကျောတတ်တဲ့ မိန်းမတွေ ဝင့်လိုက်ကြတာပဲ ... သူများကို ကျောကျောမောမော အသည်းခွဲခဲ့သမျှ ကိုယ့်ကို ကျောမယ့်ကောင်နဲ့ ကျမှ ပစ်စလက်ခတ်ကြွေ ... ဖျတ်ဖျတ်လူး အသည်းစွဲပြီး သွက်သွက်ခါ

အောင် ရှုးလိမ့်မယ်၊ အဲ့ကောင် နောက်ကို ထဘီမနိုင် ပဝါမနိုင်လိုက် ... အဲ ထဘီဝတ်တာ မဟုတ်တော့ ... "

" ဘုန်း ... "

လွယ်အိတ်နဲ့ ရိုက်ချလိုက်တာ ကလေးငို ကျောကော့သွားသည် ။ သို့သော် ရယ်နေရင်း ကျောပွတ်ရင်းနှင့် ... ၊

" လုလုပပကြီး ဝင့်လိုက်ပါစေဗျား ... "

"လိုက်ပေ့စေ ... ငါထဘီမနိုင် ပဝါမနိုင်လိုက်ကြိုက်ရတဲ့ ယောက်ျားမျိုး ရှိလာရင်ကို ကျွမ်းဆယ်ပတ်လောက် ထိုးပြီး ကွေးအောင် ကလိုက်ဦးမယ် ... ကျွတ်ကျခဲ့တဲ့ ထဘီတွေ ပဝါတွေတော့ နင်လိုက်ကောက်ပြီးလာပေး ... "

" ဘာ ... "

*****

## အခန်း(၄)

" ဟဲ့ ... ဆင်းလေ ... "

" ဟုတ်ကဲ့ပါမေမေကလည်း ... ဒီမှာ ထဘီကျွတ်နေလို့ ... "

" ကျွတ်နေရင်ဝတ်လေ ... နောက်ကျနေပါတယ် ဆိုမှ တကယ်ပဲ ... "

ဘုရားကိုးဆူပွဲကို ဘုရားဖူးချင်လို့ လာရတာ မဟုတ်ဘူး ဆိုရင် ငရဲကြီးမလားမသိ။ သားသမီးဇောက ဒီအိမ်မှာ တက္ကသိုလ်က ပါမောက္ခဟောင်း တစ်ယောက်နဲ့ ဆုံရဖို့ အရေးကြီး နေသည် ။ ပါမောက္ခနာမည် ဦးကျော်ဒင် ...။ ပိန်ရှည်ရှည် အသားညိုညို။ ဟုတ်ပြီ ... ဒါသိသာလွယ်တဲ့ ပုံစံပဲ ... ၊

ဒေါက်တာသဲစုဝင်း သေချာပြောလိုက်သည် ကို အိမ်ထဲမဝင်မချင်း စိတ်ထဲက ရေရွတ်နေရသည် ။ ပါမောက္ခဆိုတဲ့ မျက်လုံးထဲမှာ ကိုယ့်သမီးပုံစံကို အံဝင်ပါ့မလား ... စာသင်ပေးဖို့ ခေါင်းညိတ်ပါ့မလား ... ၊

"ဆရာကြီးက အရမ်း စိတ်ရင်းကောင်းတာ ... ပညာရေးကိုလည်း ဝါသ နာပါတယ်၊ အငြိမ်းစား ယူလိုက်ပေမဲ့ သူ့တပည့်တွေနဲ့ ပတ်သက်ရင် ခုထိ လိုက်ပါနေတုန်းပဲ ... အန်တီ့ကို ဆရာကြီးက ကူညီမှာ ပါ၊ အထူးသဖြင့် ဆယ်တန်းမအောင်နိုင်တဲ့ နှစ်ကျတွေ အောင်ချင်ပေမဲ့ လိုအပ်ချက် ရှိနေတဲ့ လူတွေဆို ဆရာကြီးက အိတ်စိုက်ကူညီခဲ့တာ ... "

တဲ့ ... ၊

ဒီအသက်အရွယ်ကြီးကျမှ ဆယ်တန်း စာသင်ပေးပါလို့ ဘယ်လို တောင်းဆိုရမလဲ ... ဘယ်လို လက်ခံတာပဲဖြစ်ဖြစ် ဆရာကြီး ကူညီတာ ဆိုရင်တော့ ရဲရဲလည်း လေးစားလိမ့်မည်။ ကျောင်းသားကို မြင်တာနဲ့ ဘာလိုအပ်နေသလဲဆိုတာ ဆရာကြီးလို လူကသာ အကဲခတ်နိုင်မှာ ဖြစ် ၏။ ထို့ကြောင့် ...

" အမေ့ရေ ... "

" အမလေးတော် ... "

ကျောပြင်မှာ ရဲရဲရဲ့ ရင်ဘတ် အင့်ခနဲ လာတိုက်ဆောင့်သဖြင့် ဒေါ်မြ တ်ပန်းနီရှေ့ကို ငိုက်ကျသွားသည် ။ ရဲရဲသာ ပြန်ဆွဲမထားလျှင် လေးဖက်ထောက်ပြီးသား ဖြစ်သွားမှာ သေချာ ... ၊

" ဘယ်လိုဖြစ်ရတာလဲ ရဲရဲရယ် ... အသက်ကြီးမှ နဖူးကွဲဒူးပြဲတွေ ဖြစ် ရတော့မယ် ... "

" မဖြစ်ပါဘူးမေမေကလည်း ... "

ရဲက မအေကို ဖက်လိုက်ပြီး ပါးနားကပ်ကာ ... ၊

" သမီး ထဘီအောက်နားကို တက်နင်းမိတာ ... ခါးပတ် ပတ်လာမိ လို့ တော်သေးတယ် ... "

" ဩော် ... လူလည်း ဒီလောက်မကျပ်ဘဲနဲ့ တက်နင်းတာ ဘယ်သူ တုံး ... "

" သမီး ... "

" ဟင် ... "

" ကိုယ့်ဘာသာ တက်နင်းမိတာ ... "

" ဖြစ်ရတယ်အေ ... "

စိတ်များ လည်း ညစ်ရပ့် ... ။ ဗေဒါရောင်ပိုးသား ရင်စေ့လက်ကျ လေးက ကိုယ်နုစဉ်က မြန်မာဝတ်စုံလေးပါ။ အဝါနဲ့ အပြာနုချိတ်လေး တွေပါသည့် ပိုးထဘီကလည်း ချပ်ချပ်ကပ်ကပ်။ သို့သော် ထဘီက ငြိမ် နေပေမဲ့လူ ကတော့ မျောက်ငပိကိုင်မိသည့် အတိုင်း။ ဗိုက်ပွတ်လိုက် ခါး နှိုက်လိုက်။ ဗိုက်ကို ဖောင်းလိုက်ပိန်လိုက် ဖြစ်အောင် အသက်ရှုနေပြီး တစ်ယောက်တည်း ချွေးပြန်နေတာက တစ်မျိုး ... ၊

ကြိုတင်ပြင်ဆင်ပြီး လာတာ မဟုတ်တော့ ဘယ်တုန်းကမှ ထဘီမ ဝတ်ခဲ့သည့် သူမအတွက် ချိတ်ထဘီလေးဘာလေး ပြေးချုပ်ပေးလိုက်ဖို့ လည်း မလုပ်လိုက်နိုင်။ ထို့ကြောင့် သူမဒုက္ခကို ဒီတိုင်းကြည့်နေခဲ့ရ လျက် ... ၊

" ဖြေမှာ က ဒီကလေးလား ... "

ဦးကျော်ဒင်နဲ့ စားပွဲတစ်ဝိုင်းတည်းမှာ ဆိုက်ဆိုက်မြိုက်မြိုက် ဆုံခဲ့ ကြသဖြင့် ဒေါ်မြတ်ပန်းနီ စိုးရိမ်စိတ်တွေ ဖိစီးရင်း ကပျာကယာ ခေါင်း ညိတ်၍ ...

"ဟုတ်ပါတယ် ဆရာကြီးရယ် ... အင်္ဂလိပ်စာ သင်္ချာသိပ်တော်တာ၊ တ ခြားဘာသာတွေ လည်း ရတယ် ... စာမကျက်လို့ ဆိုးတာ၊ နောက်ပြီး နည်းနည်းလည်း လျှမ်းချင်တယ် ... အဲဒါကတော့ အဆိုးဆုံးပေါ့နော်၊ စာ ဘယ်လောက် တော်တော် လျှမ်းတာကို ဘယ်လိုမှ ပြုပြင်လို့ မရဘူးမို့ လား ... အဲဒါဆရာကြီးကို ကျွန်မ တလေးတစား အကူအညီ တောင်းချင် လို့ ပါ၊ သူ့ကိုဆရာကြီးဆီ လွှတ် ... "

"နေပါဦး ... အဲဒါက သူ့ကိုမေးရမှာ ၊ စာမေးပွဲဖြေဖို့ ကို သူဆန္ဒရှိသေးရဲ့ လား ... ဆန္ဒရှိနေတာက ကျောင်းသူ လုပ်နေချင်ရုံလား၊ စာမေးပွဲအောင်ဖို့ လား"

ကိုယ့်ကို တည့်တည့်ကြည့်ပြီး မေးနေတာမို့ ရဲရဲမျက်ခုံးလေးမသိမသာ ပင့်သွားသည် ။ ပြီးမှ ကမန်းကတန်းပြန်ဖြည်ချကာ ကိုယ်လေးလှုပ်၍ နေရာပြင်သည် ။ ခါးမတ်မတ် အသက်ဝဝရှူ၍ လည်ချောင်း ရှင်းခြင်းကိုပါ တဆက်တည်းလုပ်၍ ... ၊

" စာမေးပွဲအောင်ချင်ပါတယ် ဆရာ ... ကျောင်းသူ လုပ်နေချင်တာထက်လည်း ပိုပါတယ် ... ."

ဟုတ်တော့ဟုတ်သည် ဆိုတဲ့ သဘော ... ၊

သမီးဖြေလိုက်ပုံကြောင့် ဒေါ်မြတ်ပန်းနီ မျက်နှာတွေပူကာ မချင့်မရဲမဲ့သွားခဲ့၏။ ဒီအရွယ်ရောက်နေမှ အပြောအဆို မတတ်ဘူးဆိုတာလည်း အလကား ... ၊

"ဒီလိုပါရှင့် ... စာမေးပွဲက တဖုတ်ဖုတ် ကျနေပေမဲ့ သမီးကိုယ့်ကိုယ့်ကိုယ်တော့ အောင်မယ်လို့ ပဲ ယုံကြည်နေတာပါ ... "

" ဖြေပြီးတော့ရော ... "

ဖြေပြီးရင် ကိုယ့်ကိုယ်ကိုယ် အားရတာမရတာတော့ သိနေကြတာပဲ ...။ ရဲရဲက ဆတ်ခနဲ ခေါင်းညိတ်၍ ... ၊

"ဖြေပြီးလည်း အောင်မယ်လို့ ပဲထင်တာ ... ဒါကြောင့် ဘယ်နှခါဖြေရဖြေရ သမီးဘက်က အမြဲတမ်း ထက်သန်မှုအပြည့်ပါပဲ ... "

" နီရဲရဲနီ ... "

မအောင့်အည်းနိုင်တော့ ခပ်ကျိတ်ကျိတ်အော်ရင်း ပေါင်ကို လှမ်းလိမ်လိုက်မိသည် ။ ဆရာကြီးကပြုံး၍ ... ၊

"ဟုတ်ပြီ ... ဒါပေမဲ့ သမီးကို ဆရာကြီး သင်ပေးရမယ် ဆိုရင်တော့ သမီးဆီက ဘယ်နှခါဖြေရဖြေရ အမြဲတမ်း ထက်သန်နေတဲ့ ဇွဲကို မလိုချင်ဘူး ... "

" ဟုတ် ... "

ပေါင်ကိုပွတ်နေရင်း ခေါင်းညိတ်လိုက်ရတော့ ရဲမျက်နှာလေးမဲ့နေ၏။ ဆရာကြီးက သွားတွေပေါ်အောင် ပြုံးလိုက်ပြီး ဘာကို သဘောကျနေမှန်း မသိ ခေါင်းတညိတ်ညိတ်နှင့် ... ၊

"သမီးဆီက ဒီနှစ်သမီး အောင်ရပါစေ့မယ်ဆိုတဲ့ ကတိရမှ ဆရာကြီးက ကြပ်မတ်ပေးဖို့ တာဝန်ယူမှာ ... "

" ဟုတ် ... "

" လွယ်လွယ် ကတိမပေးနဲ့ ရဲရဲ ... ဆရာကြီးကို တလေးတစားပြော ... "

" လေးလေးစားစား ကတိပေးပုံပေးနည်း ရှိသေးရင်လည်း ပြောလေ ... "

" ဘာ ... "

ဒေါ်မြတ်ပန်းနီ အော်လိုက်တော့ ရဲပခုံးလေး ကျုံ့သွားကာ ဆရာကြီးကို တောင်းပန်သလို လှည့်ကြည့်၏။

" သမီးက ဒီတိုင်းပြောလိုက်တာကို ... "

" ညည်း ဆရာကြီးရှေ့မှာ လေ ... "

" အဟမ်း ... ဟမ်း ... "

ဆရာကြီးက ချောင်းဟန့်လိုက်ပြီး သားအမိနှစ်ယောက် သူ့ဘက် လှည့်ကြည့်ကာမှ လက်ကာပြကာ ... ၊

"ဒီအဖြေက ရွှဲ့သလိုချိတ်သလို ထင်ရပေမဲ့ ကလေးပြောတဲ့ အဓိပ္ပာယ်ကို ကျွန်တော် သဘောပေါက်ပါတယ် ... "

"ဟုတ်ပါတယ်ရှင့် ... သမီးက ဆရာကြီး ပြောတာကို လိုလိုလား လား လက်ခံတဲ့ သဘောနဲ့ ချက်ချင်း ခေါင်းညိတ်လိုက်တာပါ၊ ပြီးတော့ သမီးနှစ် ပေါင်းများ စွာ ဒါတွေပဲ ကျက်လာခဲ့တာလေ ... ဟုတ်တယ်မ လား ... "

သင်းကပဲ ဆရာကြီးကိုကြည့်ပြီး စကားထောက်ဖော် ညှိနေသေးသ ည် ။

" ဒါတွေပဲကျက် ဒါတွေပဲတွက်နေရတာ တချို့ဟာတွေကို အလွတ် တောင် ရနေတဲ့ ဟာ ... "

" ဒါနဲ့ လည်း မအောင် ... "

"တချို့တွေရှိပေမဲ့ တစ်လုံးမှ မသိတာတွေကျတော့ မသိဘူးဆိုပြီး ဘယ်တစ်ခါမှ ကို ဖတ်မကြည့်ခဲ့တာ ... "

" ကြည့်စမ်း ... "

" ဘယ်နှနှစ်ဖြေဖြေ အဲဒါမျိုးတွေပဲ တွေ့နေတော့ ... "

" နီရဲရဲနီ ... "

" ပြောပြတာ ... "

" မပြောနဲ့ တော့ ... တော်ပြီ ... "

သားအမိကျိတ်ဖြစ် ကျိတ်ဆူနဲ့ ပဲ သဘောကောင်းသည့် ဆရာကြီးထံမှ ကူညီပါ့မယ် ဆိုသည့် ကတိကို ရခဲ့၏။ ဘုရားကိုးဆူမှာ ကြာဆံချက်တိုက်သည် ။ သူများ တွေဆီ ဝေ့နေသည့် ကြာဆံချက်က အာပူလျှာပူတွေလောင်ကြ အပူလောင်လို့ စားမရတွေ ဖြစ်ကြပေမဲ့ ဒေါ်မြတ်ပန်းနီတို့ သားအမိကတော့ အေးစက်နေသည့် ကြာဆံချက်ကို သောက်ခဲ့ရသဖြင့် အေးဆေး ... ၊

*****

# အခန်း(၅)

"ဟာ ... အဲ့ခါးပတ်မဟုတ်ပါဘူး၊ ခုလေးတင် ဝယ်လာခဲ့တာတောင် ကလေးငိုရယ် ... ဟိုဘက်က အိတ်အနီထဲမှာ ရှာ ... "

"အေးပါ ... ငါရှာနေတုန်း နင်က ဘာလို့ အဝတ်လဲနေတာလဲ၊ နင့်မောင်နော် ... ညီမ မဟုတ်ဘူး ... "

"မောင်မို့လို့ ပေါ့ ... နင်မော့မကြည့်ဘဲ လုပ်စရာရှိတာလုပ် ... "

"ဟ ... ဘာဖြစ်တာလဲ မိရဲနော်၊ ထဘီကျွတ်ကျလို့ ကတော့ ငါ့လက်သီးစာမိမှာ ... နင် ... "

"ဒီမှာ ထဘီဆွဲတာ အဆွဲလွန်သွားလို့ ... တကယ်ပါပဲ၊ ချိတ်စကက်လေး အပ်တာကို ချိန်းလိုက်တာ သုံးပတ်တဲ့ ... မပြောလိုက်ချင်ဘူး၊ ကြိုးချည်ထဘီတွေ ဝယ်ဝတ်မယ်ဆိုတော့ ကြိုးတန်းလန်းနဲ့ မျက်စိရှုပ်တဲ့ သူကရှုပ် ... အဲ့ဆရာကြီးဆီကို သုံးပတ်စလုံး ထဘီဝတ်သွားရရင် ငါ့တော့ သေပြီ ... "

အခန်းရှေ့ကို အရောက်မှာ အထဲက ညည်းညူသံတွေ ကြားနေရသဖြင့် တံခါးကြားထဲကနေ လှမ်းကြည့်လိုက်မိသည် ။ မွေ့ရာခြေရင်းမှာ အထုပ်တွေ ပလုံစီနေကာ အကုန်လုံးက ဖွထားပြီးသားဖြစ်လျက် နောက်တစ်ထုပ်ကိုက လေးငိုက ပြူးပြဲရှာနေသည် ။ ရဲရဲက နံ့သာရောင်ရင်စေ့လက်ရှည်ပွပွနှင့် ပါတိတ်အဖြူ အဝါပွင့်ထဘီကို ဘယ်လောက်

တောင် ဆွဲဝတ်ထားသည် မသိ။ ရင်စေ့အင်္ကျီက ရင်စေ့လား ဘေးစေ့လားတောင် မသိတော့အောင် ရင်စေ့က ထဘီနဲ့ လိပ်ပြီး ဘေးရောက်နေ၏။

" အဲဒါ ဘယ်လိုတွေ ဖြစ်ကုန်တာလဲ ... ဘာလုပ်နေကြတာလဲ ... "

တံခါးတွန်းဖွင့်ပြီး ဒေါ်မြတ်ပန်းနီ လှမ်းဝင်သွားကာ ဗီရိုရှေ့မှာ ချိတ်တန်းလန်းနှင့် ဖြုတ်ချထားသည့် အင်္ကျီထဘီတွေ အပုံလိုက်ကို ငုံ့ကြည့်သည် ။ ပြီးတော့ ခါးကြား မညှပ်ရသေးဘဲ ညှပ်မလိုပြင်လိုက် ဆန့်ထွက်လာလိုက်နှင့် ထဘီစကို အသေဆုပ်၍ ဝေ့ဝဲလွှဲနေသည့် ရဲရဲလက်ကို တွန်းပစ်လိုက်ရင်း ... ၊

"အဲဒီလက်က ထဘီစလွတ်သွားရင် ကျော်မကောင်း ကြားမကောင်း ဖြစ်ဦးမယ် ... ဝတ်မှာ ဖြင့် ဝတ်လေ ... "

" ဝတ်မလို့ ပဲဟာ ... ခါးကြားထဲ ထည့်မယ်ကြံလိုက် လျှောကျသွားလိုက် ဖြစ်နေတာ ... "

"ငါမေးတာ အဲဒါကို မဟုတ်ဘူး ... ညည်းဘာလုပ်နေတာလဲ၊ ဟိုမှာ မောင်ကို ခါးပတ် ရှာခိုင်းထားတယ် ... ကိုယ့်ဘာသာကိုယ် ထဘီစတောင် နိုင်အောင် မကိုင်နိုင်ဘဲနဲ့ ... "

"အဲဒါကြောင့် ခါးပတ်အမြန် ထုတ်ခိုင်းနေတာလေ ... မေမေပဲ သမီးကို ဘိုးတော်မင်း လက်ထက်က ပါမောက္ခကြီးဆီမှာ ... "

"အခု အဲဒါကိုပြောမလို့ လေ ... ညကတည်းက ဆရာကြီး ဖုန်းဆက်ထားတာ ညည်းမသိဘူးလား ... "

" မသိဘူး ... ဘာလဲ ... "

မေးပြီးမှ ဖျတ်ခနဲ မျက်နှာဝင်းထိန်သွားကာ ... ၊

" ဆရာကြီးက အိမ်လာသင်ပေးမယ်တဲ့ လား ... "

" ဟုတ်တယ် ... ဒါပေမဲ့ သူကိုယ်တိုင်တော့ မဟုတ်ဘူး ... "

" ဘာလဲ ... ဖြစ်သွားပြီမလား၊ အဲဒါပြောတာပေါ့ ... မေမေ့ဆရာကြီး လည်း ... "

"ဘာတွေစော်ကားဦးမလို့ လဲ ... ဆရာကြီးက မျက်နှာလွှဲခဲပစ် လွှတ်မှာ မဟုတ်ဘူး ၊ သူ့တပည့်ထဲက အတော်ဆုံး ပြန်ပြီး သင်ပြတာလည်း တော်တဲ့ တပည့်ကိုလွှတ်မှာ ... မေမေ ဒေါက်တာသဲကိုလည်း မေးပြီးပြီ၊ အဲ့ကောင်လေးက တကယ်တော်တာတဲ့ ... အခု ဟောက်ဆင်း နေတည်းက နာမည်ကောင်းနဲ့ နိုင်ငံကျော်နေတာတဲ့ ... "

ဆရာဝန်ဆိုပါလား ... ၊ ရဲရဲမျက်နှာလေး ပြုံးစိစိဖြစ်သွားပြီး ပခုံးတွန့်၏။ ကလေးငိုက နှုတ်ခမ်းမဲ့၍ မျက်စောင်းထိုးလေသည် ။ ဒေါ်မြတ်ပန်းနီကတော့ သမီးဖြစ်သူကို ဆုံးမစကားတွေ ပြောနေပြီး မမြင် ... ၊

"သူများ သားသမီးတွေများ တော်လိုက်ကြတာ ... အလုပ်ကမရသေးဘူး၊ မိဘကို ငွေရှာပေးနိုင်နေပြီ ... ကိုယ့်သမီး အဲ့တစ်ဝက်လောက်တော်ရင်ကျေ နပ်ပါပြီ၊ ဘာပိုက်ဆံမှ ရှာမပေးနဲ့ ... တော်နေရင်ကိုပဲ ထဘီအလံတင် ကြွားပစ်လိုက်မှာ ... "

... ... ... ... ဂျူတီကုတ် အဖြူရောင်လေးနဲ့ သိပ်ခန့်တဲ့ ကောင်လေးရာ ... ... .

ဒေါ်မြတ်ပန်းနီ ခြေလှမ်းတုံ့သွားတော့ သီချင်းသံလည်း ရပ်သွားသည် ။ နောက်ကို လှည့်ကြည့်လိုက်လျှင် ရဲရဲက ဟဲခနဲရယ်ကာ ... ၊

" ကြားပါတယ် ... မေမေထဘီအလံတင်မယ့် ကိစ္စ ... "

" ဘာ ... "

" ကြိုးစားမယ်လို့ ပြောမလို့ ... အဲဒါ ... "

" တောက် ... "

" သီချင်းလေး ညည်းမိတာကို မေမေကလည်း ... "

ဒေါ်မြတ်ပန်းနီ မကျေနပ်ပေမဲ့ ဘာမှ မပြောတော့ဘဲ လှည့်ထွက်လာခဲ့သည် ။ ဦးရဲလူက လေ့ကားရင်းမှာ ရပ်နေရင်း ဇနီးသည် ခြေသံပြင်းလာတာကို မော့ကြည့်နေလျက် ... ၊

" ဖြစ်လာကြပြီ သားအမိ ... "

"မဖြစ်ပါဘူး အစ်ကိုရယ် ... အဲ့ကောင်မလေး နည်းနည်းမှ ကို အပိုးကျိုးတဲ့ ပုံ မရှိတာကို စိတ်ပျက်လို့ ... "

" မင်းလည်း နေရာတကာ စိတ်ပျက်လို့ ထိုင်ကြည့်နေမိတာမျိုး မဖြစ်စေနဲ့ ပေါ့ မြတ်ရယ် ... မိဘက တော်ရုံဆို မသိချင်ယောင် ဆောင်ပေးလိုက်ရတာတွေ ရှိတယ်မို့လား၊ နောက်ပြီး အသုံးမကျတာ တွေချည်း ထိုင်ပြောနေရင် အသုံးမကျခြင်းတွေ ထဲမှာ ပဲ သူ့စိတ်က ဝဲလယ်နေလိမ့်မယ် ... သမီးစာမေးပွဲကျသွားတိုင်း မင်းမှာ ဆိုင်မထွက်နိုင် အလုပ်မလုပ်နိုင် ... "

"သူ့ကို အဲ့လိုမဟုတ်ရင်တောင် နည်းနည်းတော့ ရှက်ရွံ့ သိမ်ငယ်သွားတာမျိုးလေး ခံစားမိစေချင်တာကို စာမေးပွဲကျသွားပြီဆို ဘာမှန်းတောင် သူသိရဲ့ လား ... "

သမီးက ဒီလောက်တော့လည်း ပေါ့သွမ်းတဲ့ မိန်းကလေးမဟုတ်ပါ။ တစ်ခါတလေ ဖေဖေ့ကို ဝိုင်းကူမယ်ဆိုပြီး အလုပ်အကြောင်း စာရင်းဇယား ကိစ္စတွေ မေးမြန်း စပ်စုလာတာရှိသည် ။ သူမ သိချင်တာကျတော့ မေးလည်း မေးသည် ။ ပြောပြတာကို မှတ်မှတ်သားသားလည်း ရှိသည်

။ သမီး ဒါလုပ်ဆို မပြီးသေးဘဲ မထတမ်း လုပ်သွားတတ်တာ လေးတွေလည်း ရှိသည် ။ တွေး ကြည့်ရတဲ့ အတိုင်းဆို ဆယ်တန်းစာမေးပွဲ အောင်ဖို့ ဆိုတာ သူမအတွက် ဘယ်တုန်းကမှ အရေးတကြီး မဟုတ်ခဲ့တာပင် ... ।

"ကိုယ်တို့ တွေကလည်း သူပြန်ဖြေမယ် ပြောလာတာနဲ့ ငါ့သမီး ဇွဲ့မလျှော့ဘူးဟဲ့ ဆိုတဲ့ ပီတိတွေနဲ့ ကျူရှင်ပုံမှန် သွားနေရင်ပြီးရော စာအုပ်နဲ့ မျက်နှာ ကပ်နေရင် ကျေနပ်နေ ... အဲ့လို လစ်ဟင်း နေခဲ့တာလေ၊ သူကိုယ်တိုင်လိုချင်လို့ ယူနေတယ်ပဲ ထင်ကြတာကိုး ... "

" ဒါဆိုအခုရော ... "

"ဆရာကြီး ရံဖန်ရံခါ ဝင်သင်ပေးမယ် ဆိုတော့ စာမေးပွဲမတိုင်ခင် မင့်သမီး အခြေအနေ ပေါ်လာမှာ ပဲ ... နောက်ပြီး လူငယ်ချင်း စာသင်မယ့်ကိစ္စ သူ့ကို မှတ်သားစရာ ဖြစ်စေမယ်လို့ တော့ ထင်ရတာပဲ ... "

လူငယ်ချင်း စာသင်ခံရရင် ရှက်သွားနိုင်တယ် လို့ များ ပြောလိုက်တာလား ... ။ ဒေါ်မြတ်ပန်းနီ ခုန ရဲရဲညည်းလိုက်တဲ့ သီချင်းလေးကို ကြားယောင်ရင်း မျက်နှာက လူမသိသူမသိ မဲ့လေသည် ။

အဲဒီဆရာဆိုတဲ့ လူငယ် ကလေးငိုလို ဂိုဏ်းဝင်သွားရင်တော့ သွားပြီ ...

*****